ISP ကပြင်ရပ်ဝန်း

# ISP EXPLAINER

China Studies

အမှတ်-၃ ၊ ဇွန် ၁၆ ရက်၊ ၂၀၂၃ ခုနှစ်

## တရုတ်အစိုးရသစ် - မူဝါဒအပြောင်းအလဲ
## မြန်မာနှင့် ဒေသတွင်းအပေါ် သက်ရောက်မှု

တရုတ်နိုင်ငံရဲ့အရေးပါတဲ့ အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress - NPC) နဲ့ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံညီလာခံ (Chinese People's Political Consultative Conference - CPPCC) ဆိုတဲ့ အစည်းအဝေးနှစ်ရပ် (五年一次两会) ကို ၂၀၂၃ ခုနှစ် မတ် ၁၃ ရက်မှာ ပြုလုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေးကို ငါးနှစ်တကြိမ် ကျင်းပတာဖြစ်ပြီး လုပ်ငန်းအစီအစဉ်တွေချမှတ်တာအပါအဝင် နိုင်ငံတော်ကောင်စီဝင်နဲ့ ဝန်ကြီးတွေကို ရွေးချယ်တင်မြှောက်ကြတာဖြစ်ပါတယ်။ ဝေဖန်သုံးသပ်ခွင့်မရှိဘဲ ပါတီကွန်ဂရက်ရဲ့ ဆုံးဖြတ်ချက်တွေကိုသာ အတည်ပြုပေးရတဲ့အတွက် ဒီအစည်းအဝေးနှစ်ရပ်ကို ‘ရော်ဘာတံဆိပ်တုံး’လို့ သမုတ်ကြတာတွေရှိနေပါတယ်။ ဒါပေမဲ့ သမ္မတရှီကျင့်ဖျင်ဦးဆောင်တဲ့ ကွန်မြူနစ်ပါတီကတော့ ‘လုပ်ငန်းစဉ်လုံးပြည့် ပြည်သူ့ဒီမိုကရေစီ’ (Whole-process People’s Democracy) ပြယုဂ်အဖြစ် ပုံဖော်ဖို့ ကြိုးပမ်းနေပါတယ်။ တပတ်ကျော်ကြာခဲ့တဲ့ အဲဒီအစည်းအဝေးတွေမှာ NPC ကိုယ်စားလှယ် ၃,၀၀၀ နီးပါးနဲ့ CPPCC အဖွဲ့ဝင် ၂,၀၀၀ ဝန်းကျင်တို့က ဥပဒေရေးရာနဲ့ လုပ်ငန်းဆိုင်ရာ အစီအရင်ခံစာတွေကို သုံးသပ်ဆွေးနွေးခဲ့ကြပါတယ်။ တရုတ်ကွန်မြူနစ်ပါတီအာဘော် Global Times သတင်းစာအဆိုအရ လူနည်းစု တိုင်းရင်းသား ၅၅ မျိုးက ကိုယ်စားလှယ် ၁၅ ရာခိုင်နှုန်းပါဝင်ပြီး တခြားနိုင်ငံရေး ပါတီဝင်တွေလည်း ဆွေးနွေးအကြံပြုနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီအစည်းအဝေးနှစ်ရပ်ကနေ ထွက်ပေါ်လာတဲ့ အဖွဲ့အစည်း၊ ဦးဆောင်သူနဲ့ မူဝါဒပိုင်းဆိုင်ရာ ထူးခြားအပြောင်းအလဲတွေကို ဆန်းစစ်ပြီး မြန်မာနိုင်ငံနဲ့ အာဆီယံ ဒေသတွင်းနိုင်ငံတွေအပေါ် သက်ရောက်နိုင်မှုတွေကို ISP-Myanmar က ဖော်ပြသွားပါမယ်။

## အဖွဲ့အစည်းပိုင်း အပြောင်းအလဲ

အစည်းအဝေးတွေက ပါတီနဲ့ နိုင်ငံတော်အဖွဲ့အစည်း ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို အတည်ပြုခဲ့ပါတယ်။ အပြောင်းအလဲတွေထဲမှာ သိပ္ပံနဲ့နည်းပညာ၊ ဒေတာအချက်အလက်၊ ဘဏ်နဲ့ ငွေရေးကြေးရေး၊ သက်ကြီးရွယ်အိုနဲ့ ဉာဏပစ္စည်း စီမံကြီးကြပ်ရေးကိစ္စတွေ ပါဝင်ပါတယ်။ **ဒီပြုပြင်ပြောင်းလဲရေးအစီအစဉ်ဟာ ၁၉၇၈ ခုနှစ် ပြုပြင်ပြောင်းလဲရေး ခေတ်နောက်ပိုင်း ကိုးကြိမ်မြောက်ဖြစ်ပါတယ်။**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ အချို့လုပ်ငန်းတာဝန်တွေကို အခြားဝန်ကြီးဌာနတွေဆီ ရွှေ့ပြောင်းပြီး ဗဟိုသိပ္ပံနှင့်နည်းပညာကော်မတီ (Central Science and Technology Committee - CSTC) အသစ်တခုကို ဖွဲ့စည်းဖို့ရှိပါတယ်။ တရုတ်နိုင်ငံရဲ့ တပိုင်းလျှပ်ကူးပစ္စည်း (Semiconductor) စတဲ့ စက်မှုလုပ်ငန်းတွေဟာ အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေကို ရင်ဆိုင်နေရတဲ့အတွက် အဲဒီဝန်ကြီးဌာနကို ငါးနှစ်အတွင်း ဒုတိယကြိမ်မြောက် အပြောင်းအလဲ လုပ်လိုက်တာပါ။ ကော်မတီအနေနဲ့ သိပ္ပံနဲ့နည်းပညာဆိုင်ရာ မဟာဗျူဟာမြောက် စီမံကိန်းရေးဆွဲတာ၊ ဖွဲ့စည်းမှု ပြင်ဆင်ပြောင်းလဲတာ၊ ရင်းမြစ် ခွဲဝေသုံးစွဲတာ၊ ဘက်စုံ ပူးပေါင်းလုပ်ဆောင်တာ၊ မူဝါဒနဲ့ ဥပဒေရေးဆွဲတာတွေနဲ့ ကြီးကြပ်စောင့်ကြည့်တာတွေကို အဓိကလုပ်ဆောင်မှာ ဖြစ်ပါတယ်။ လာမယ့်ငါးနှစ်အတွင်းမှာ အခြေခံသုတေသနနဲ့ မူရင်းတီထွင်ဆန်းသစ်မှုပိုင်းမှာ အစိုးရသုတေသနနဲ့ ဖွံ့ဖြိုးမှုအသုံးစရိတ်ရဲ့ ရှစ်ရာခိုင်နှုန်းအထိ စံချိန်တင်သုံးစွဲသွားဖို့ လျာထားပါတယ်။ **အမေရိကန်ဦးဆောင်တဲ့ အနောက်နိုင်ငံတွေရဲ့ပိတ်ဆို့မှုကို ကျော်လွှားဖို့ ပုဂ္ဂလိကကဏ္ဍရဲ့အကူအညီကို လိုအပ်နေတဲ့အတွက် နည်းပညာအရ အမှီအခိုကင်းတဲ့အခန်းကဏ္ဍမှာ ဝင်ကစားဖို့ ကုမ္ပဏီတွေကို သမ္မတ ရှီကျင့်ဖျင် ကိုယ်တိုင် တိုက်တွန်းထားပါတယ်။**

အမျိုးသားအဆင့် အချက်အလက်ဗျူရို (National Data Bureau - NDB) တခုကိုလည်း အမျိုးသားဖွံ့ဖြိုးရေးနဲ့ ပြုပြင်ပြောင်းလဲရေးကော်မရှင်အောက်မှာ တည်ထောင်မှာ ဖြစ်ပါတယ်။ Big Data မဟာဗျူဟာကို အကောင်အထည်ဖော်ပြီး 5G နည်းပညာကတဆင့်

တရုတ်ကွန်မြူနစ်ပါတီ နှစ် ၁၀၀ ပြည့် အနှစ်ချုပ်

SCAN THIS CODE

၂၀၂၁ ခုနှစ် ဇူလိုင်လတွင် နှစ် ၁၀၀ ပြည့်ခဲ့သည့်
တရုတ်ကွန်မြူနစ်ပါတီအကြောင်း လေ့လာရန်

ဒစ်ဂျစ်တယ်စီးပွားရေး၊ ဒစ်ဂျစ်တယ်လူ့အသိုက်အဝန်းနဲ့ **'ဒစ်ဂျစ်တယ် တရုတ်နိုင်ငံတော်'** တည်ဆောက်ဖို့ အထူးရည်ရွယ်ပြီး ဖွဲ့စည်းလိုက်တာပါ။ အခုလို ပါတီကော်မရှင်ကနေ အစိုးရကော်မရှင်ဆီကို ရွှေ့ပြောင်းဖွဲ့စည်းလိုက်တာဟာ အချက်အလက်လုံခြုံရေး (Data Security) အပေါ်သာမက နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးနဲ့ အချက်အလက်ဖလှယ်ရေး စတဲ့ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အချက်အလက် အသုံးချရေး (Data Utilization) အပေါ်မှာလည်း သက်ရောက်မှုရှိမယ်လို့ သုံးသပ်ကြပါတယ်။ **အချက်အလက်တွေကို ကုန်ထုတ်အရင်းအနှီးအဖြစ် ရှုမြင်တဲ့ တရုတ်အစိုးရဟာ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးမှာ သိပ္ပံနဲ့နည်းပညာအပြင် ဒစ်ဂျစ်တယ်အသွင်ပြောင်းရေးကိုလည်း ၂၀၂၀ ပြည့်နှစ်ကစပြီး တစိုက်မတ်မတ် လုပ်ဆောင်လာပါတယ်။**

ကမ္ဘာ့စီးပွားရေးတွေမှာ ဘဏ်လုပ်ငန်းပိတ်သိမ်းမှု၊ ငွေဖောင်းပွမှုနဲ့ စီးပွားရေးကျဆင်းမှုတွေ ရင်ဆိုင်နေရချိန်မှာ တရုတ်ဗဟိုအစိုးရဟာ ဘဏ္ဍာရေးစနစ် တည်ငြိမ်မှုရှိအောင် တိုက်ရိုက်ထိန်းကျောင်းဖို့ အမျိုးသားအဆင့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်ရေးဌာန (National Financial Regulatory Administration - NFRA) တခုကိုလည်း ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဘဏ်နဲ့ အာမခံလုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ကို ဖျက်သိမ်းပြီး ရှယ်ယာလက်မှတ်ကလွဲပြီး ကျန်တဲ့ ဘဏ္ဍာရေးလုပ်ငန်းတွေကို NFRA က စောင့်ကြည့်သွားမှာပါ။ **'ကိုဗစ်အမြစ်ဖြတ်ရေးမူဝါဒ** (Zero-COVID Policy)**' ကြောင့် တရုတ် အိမ်ရာဈေးကွက် အကျပ်အတည်းဆိုက်စေခဲ့ပြီး ဘဏ်လုပ်ငန်းတွေကိုလည်း အိမ်ခြံမြေပိုင်ဆိုင်မှု အကြွေးဝန်ပိစေခဲ့ပါတယ်။** ဒီပြဿနာကိုကိုင်တွယ်ဖို့ ငွေကြေးမူဝါဒနဲ့ အကြီးစားကြီးကြပ်ရေးမှာ တရုတ်ပြည်သူ့ဘဏ်က တာဝန်ယူပြီး NFRA က ဘဏ္ဍာရေးဆိုင်ရာ အငယ်စားလုပ်ငန်းဆောင်တာတွေကို ခွဲယူကြီးကြပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် အကြီးစားကြီးကြပ်ရေးကို ဖောက်ချလုပ်လာတော့မယ့် တရုတ်ပြည်သူ့ဘဏ်အနေနဲ့ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund - IMF) နဲ့အပြိုင် 'ကမ္ဘာ့ဗဟိုဘဏ်'လို ပြုမူပြီး အကြွေးပိနိုင်ငံတွေရဲ့ ဗဟိုဘဏ်တွေနဲ့ ပူးပေါင်းပြီး ငွေကြေးချင်း ဖလှယ်တဲ့ပုံစံနဲ့ ကယ်ဆယ်ရေးချေးငွေ (Rescue Lending) တွေကို ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်မှာပါ။

အမေရိကန်နဲ့ တရုတ်အကြားမှာ တီထွင်ဆန်းသစ်မှု ပြင်းထန်လာတာနဲ့အမျှ ဉာဏပစ္စည်းမူပိုင်ခွင့်ကိစ္စဟာလည်း တရုတ်အစိုးရရဲ့ အဓိကဦးစားပေးထဲမှာ ပါဝင်လာပါတယ်။ ဉာဏပစ္စည်းမူပိုင်ခွင့်နဲ့ ကုန်အမှတ်တံဆိပ် လျှောက်ထားမှုတွေ တဟုန်ထိုးမြင့်တက်လာတဲ့အတွက် ဈေးကွက်ကြီးကြပ်ရေးဌာန အောက်မှာရှိတဲ့ နိုင်ငံတော် ဉာဏပစ္စည်းစီမံရုံး (State Intellectual Property Office) ကို နိုင်ငံတော်ကောင်စီကနေ တိုက်ရိုက်ကွပ်ကဲ

SCAN THIS CODE

အထိုင်သစ်ပြန်ချလာသော တရုတ်၏ မြန်မာ့အရေးမူဝါဒ

တရုတ်လမ်းထွင်သည့် နိုင်ငံရေးထွက်ပေါက်ကို စစ်ကောင်စီ အလိုက်သင့်လက်ခံမည်လော

ကနဦးသုံးသပ်ချက် အမှတ် - ၁၄

SCAN THIS CODE

မြန်မာ့အရေး မူဝါဒအထိုင်သစ်နှင့် အပြိုင်

ကုန်သွယ်ရေးလမ်းကြောင်းနှင့် စီးပွားရေးအစီအမံများ ပီပြင်အောင် တရုတ်နိုင်ငံ ကြိုးပမ်းလာ

ISP Explainer အမှတ် - ၂

တဲ့ရုံးအဖြစ် အဆင့်မြှင့်လိုက်ပါတယ်။ တဖန် ၂၀၁၈ ခုနှစ်နောက်ပိုင်းကစလို့ အမျိုးသား ကျန်းမာရေးကော်မရှင်အောက်ရောက်သွားတဲ့ အမျိုးသားအဆင့် သက်ကြီးရွယ်အိုရေးရာ လုပ်ငန်းကော်မတီ (China National Committee on Ageing) ကိုလည်း ပြည်သူ့ရေးရာ ဝန်ကြီးဌာနအောက်ကို ပြန်ရွှေ့လိုက်ပါတယ်။ သက်ကြီးရွယ်အိုစောင့်ရှောက်မှု အစီအစဉ်နဲ့ပဏာမလုပ်ငန်းတွေကိုစီမံဆောင်ရွက်ဖို့ရည်ရွယ်တာပါ။အငြိမ်းစားယူရမယ့် အသက်ကို တိုးမြှင့်တာ၊ သက်ကြီးတွေကို အလုပ်ပြန်ခန့်တာတွေနဲ့ **လူဦးရေရဲ့ ငါးပုံတပုံ (သန်း ၂၈၀) လောက်ရှိတဲ့ သက်ကြီးရွယ်အိုစောင့်ရှောက်မှု စိန်ခေါ်ချက်တွေကို ဖြေရှင်းပေးနိုင်မယ်လို့ဆိုပါတယ်။** ဒ့ါအပြင် ဗဟိုအဆင့်က အစိုးရဝန်ထမ်းအရေအတွက်ကို ငါးရာခိုင်နှုန်း လျှော့ချပြီး မဟာဗျူဟာအရ အရေးပါမယ့်နယ်ပယ်တွေမှာ ပြောင်းရွှေ့ဖြန့်ကျက်သွားမယ်လို့ဆိုပါတယ်။ ဒါဟာ ဆယ်စုနှစ်တွေအတွင်းမှာ အကြီးမားဆုံး ပြည်သူ့ဝန်ထမ်းဆိုင်ရာ ပြောင်းလဲမှုဖြစ်ပါတယ်။ နောက်ဆုံးအချက်ကတော့ ပြည်သူ့အသံနဲ့ မကျေနပ်ချက်တွေ ကိုင်တွယ်ရတဲ့ အမျိုးသားအဆင့် ပြည်သူ့တိုင်ကြားစာနဲ့ အဆိုပြုရေးဌာန (National Public Complaints and Proposals Administration) ကို နိုင်ငံတော်ကောင်စီက တိုက်ရိုက်စီမံတဲ့ဌာနအဖြစ် အဆင့်မြှင့်တင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီဌာနကိုကွပ်ကဲဖို့ ပါတီဗဟိုကော်မတီအနေနဲ့ ဦးစီးဌာနတခု ဖွဲ့စည်းသွားမယ်လို့ ဆိုထားတဲ့အတွက် အစိုးရက ပုံမှန်စီမံခန့်ခွဲပြီး လိုအပ်ရင် ပါတီက ဝင်ကြီးကြပ်ရမယ့်အနေအထားရှိပါတယ်။

## ခေါင်းဆောင်ပိုင်း အပြောင်းအလဲ

### နိုင်ငံတော်ကော်စီဝင် ခုနစ်ဦး

အခုပြီးစီးသွားတဲ့ အမျိုးသားပြည်သူ့ကွန်ဂရက်ကနေ ဝန်ကြီးချုပ်လီချန် ဦးဆောင်မယ့် နိုင်ငံတော်ကောင်စီအဖွဲ့သစ်ကို အတည်ပြုပေးခဲ့ပါတယ်။ အသစ်ဖွဲ့စည်းလိုက်တဲ့ နိုင်ငံတော်ကောင်စီမှာ လက်ရှိဝန်ကြီးအများစုကို မူလရာထူးအတိုင်း ဆက်လက်ခန့်အပ်ခဲ့ပြီး ဝန်ကြီးချုပ်နဲ့ ဒုတိယဝန်ကြီးချုပ် လေးဦးအပြင် အခြားဝန်ကြီးအဆင့်ငါးဦးကိုတော့အသစ် ခန့်အပ်ခဲ့ပါတယ်။ နိုင်ငံတော်ကောင်စီအောက်မှာ ဖွဲ့စည်းထားတဲ့ ဝန်ကြီးဌာနနဲ့ ကော်မရှင်ပေါင်း ၂၆ ခုရှိပါတယ်။ အဲဒီအထဲကမှ သံတမန်ရေး၊ စီးပွားရေးနဲ့ လုံခြုံရေးအရ အရေးပါတဲ့ ပုဂ္ဂိုလ်ခုနစ်ဦးရဲ့ နောက်ခံအကြောင်းတွေနဲ့ မူဝါဒတိမ်းညွတ်မှုတွေကို ထုတ်နုတ်ဆွေးနွေးပါမယ်။

### ဝန်ကြီးချုပ်လီချန် (Li Qiang)

ရှန်ဟိုင်းမြို့ လော့ဒေါင်းအစီအမံကြောင့် ဝေဖန်ခံခဲ့ရတဲ့ မစ္စတာလီချန်ဟာ သမ္မတရှီကျင့်ဖျင်ရဲ့ တွန်းတင်မှုကြောင့် ဝန်ကြီးချုပ်ဖြစ်လာသူဖြစ်ပါတယ်။ ဗဟိုအစိုးရ အတွေ့အကြုံရှိသူမဟုတ်ပေမဲ့ သမ္မတရှီကျင့်ဖျင်ရဲ့ အတွေးအခေါ်တွေကို လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးမယ့် လက်တွေ့ဝါဒီတဦးလည်း ဖြစ်ပါတယ်။ ယခင်နှစ်က နိုင်ငံအနှံ့ လူထုဆန္ဒပြခဲ့တဲ့ ‘ကိုဗစ်အမြစ်ဖြတ်ရေးမူဝါဒ’ကို ပယ်ဖျက်ဖို့ သမ္မတကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့တာဟာ ဝန်ကြီးချုပ်ဟောင်း မစ္စတာလီခဲ့ချန်ထက် ပိုပြီး သူ့ရဲ့ဩဇာညောင်းမှုကို သိသာထင်ရှားစေပါတယ်။ စီးပွားရေးမြို့တော်ဖြစ်တဲ့ ရှန်ဟိုင်းမြို့ကို စီမံအုပ်ချုပ်ခဲ့ဖူးပြီး သဘောထားပျော့ပျောင်းတဲ့ သူ့အနေနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေရဲ့ ယုံကြည်ကိုးစားမှုကို တဖန်ပြန်ရရှိဖို့နဲ့ ကိုဗစ်အလွန် တရုတ်နိုင်ငံရဲ့ မဟာအဖွင့်မှာ နိုင်ငံတကာနဲ့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ဖို့ တိုးလုပ်သွားမယ်လို့ သုံးသပ်နိုင်ပါတယ်။ ဒါပေမဲ့ **ဈေးကွက်စီးပွားရေးကို နိုင်ငံတော်ကထိန်းချုပ်တာလိုလားတဲ့ သမ္မတရှီကျင့်ဖျင်နဲ့ ပုဂ္ဂလိကကဏ္ဍကို အားပေးချင်တဲ့ ဝန်ကြီးချုပ်လီချန်တို့အကြား အားပြိုင်မှုက စိတ်ဝင်စားစရာကောင်းပါတယ်။**

## နိုင်ငံခြားရေးဝန်ကြီး ချင်ကန်း (Qin Gang)

အနောက်နိုင်ငံတွေမှာ နှစ်ရှည်လများ သံတမန်တာဝန်တွေ ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးမဖြစ်ခင် သံအမတ်ကြီးအဖြစ် အမေရိကန်နိုင်ငံမှာ ၂၀၂၁ ခုနှစ် ဇူလိုင်လကနေ တနှစ်ခွဲနီးပါး တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ ယခင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအဖြစ် တာဝန်ယူခဲ့စဉ်က သဘောထားတင်းမာသူအဖြစ် သတ်မှတ်ခံခဲ့ရပေမဲ့ မစ္စတာချင်ကန်းဟာ အမေရိကန်နိုင်ငံမှာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်တဲ့အခါမှာတော့ သဘောထားပျော့ပျောင်းသူ၊ အမေရိကန်-တရုတ် ဆက်ဆံရေးကို ပြန်ကောင်းစေလိုသူအဖြစ် ရှုမြင်ခံရပါတယ်။ ကိုဗစ်အလွန် စီးပွားရေး ပြန်လည်တိုးတက်ဖို့ ရုန်းကန်နေရတဲ့ တရုတ်နိုင်ငံအနေနဲ့ **အနောက်နိုင်ငံတွေနဲ့ သံခင်းတမန်ခင်း အတွေ့အကြုံရှိသူတယောက်ကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်လိုက်တာဟာ အနောက်နိုင်ငံတွေနဲ့ တရုတ်အကြား ဆက်ဆံရေး ပြန်လည်ကောင်းမွန်စေဖို့နဲ့ စီးပွားရေးအခွင့်အလမ်းတွေ ပြန်လည်ရရှိဖို့ လိုလားပုံရပါတယ်။** ဒါ့အပြင် သမ္မတရှီကျင့်ဖျင်ရဲ့ အနီးကပ်လူယုံလည်းဖြစ်တဲ့ မစ္စတာချင်ကန်းဟာ သမ္မတရဲ့ နိုင်ငံခြားရေးမူဝါဒဆိုင်ရာအဆိုပြုချက်အသစ်တွေဖြစ်တဲ့ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (Global Development Initiative)၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ (Global Security Initiative) နဲ့ ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုအစီအမံ (Global Civilization Initiative) တွေကို အဓိက ဦးဆောင်အကောင်အထည်ဖော်ရမယ့်သူ ဖြစ်ဖွယ်ရှိပါတယ်။

## ကာကွယ်ရေးဝန်ကြီး လီစန့်ဖူ (Li Shangfu)

အစိုးရဌာနတွင်း ဗျူရိုကရက်နောက်ခံမဟုတ်ဘဲ ပညာရှင် (Technocrat) တဦးဖြစ်တဲ့ မစ္စတာလီစန့်ဖူဟာ လေကြောင်းနဲ့ အာကာသပညာမှာ အတွေ့အကြုံရင့်တဲ့ အင်ဂျင်နီယာဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ အာကာသနည်းပညာဆိုင်ရာ စီမံကိန်းတွေကို ကြီးကြပ်ခဲ့ဖူးသူ

■ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (Global Development Initiative)

၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) နှင့် ချိတ်ဆက်ပြီး ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံကို အဆိုပြုခဲ့သည်။ ဤလုပ်ငန်းစဉ်တွင် ဆင်းရဲချို့တဲ့မှု ပပျောက်ရေး၊ စားနပ်ရိက္ခာလုံခြုံရေး၊ ကပ်ရောဂါတုံ့ပြန်ဖြေရှင်းရေး၊ ဖွံ့ဖြိုးရေးရန်ပုံငွေထည့်ဝင်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် အစိမ်းရောင်ဖွံ့ဖြိုးမှုတည်ဆောက်ရေး၊ စက်မှုအသွင်ပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဒစ်ဂျစ်တယ်ချိတ်ဆက်မှု ပူးပေါင်းဆောင်ရွက်ရေးဟူ၍ အစိတ်အပိုင်းရှစ်ခု ပါဝင်သည်။

## တရုတ်အစိုးရအဖွဲ့ဝင်သစ်များ (၂၀၂၃-၂၀၂၈)*



လီချန်
ဝန်ကြီးချုပ်



တိန့်ရှဲ့ယန်
ဒုတိယဝန်ကြီးချုပ်

ဟော်လိဖုန်း
ဒုတိယဝန်ကြီးချုပ်

ကျန်းကော်ချင်း
ဒုတိယဝန်ကြီးချုပ်

လျိုကော်ကျုံး
ဒုတိယဝန်ကြီးချုပ်



လီစန့်ဖူ
နိုင်ငံတော်အကြံပေး၊
နိုင်ငံတော်ကာကွယ်ရေးဝန်ကြီး

ဝမ်ရှောင်ဟုန်
နိုင်ငံတော်အကြံပေး၊
ပြည်သူ့လုံခြုံရေးဝန်ကြီး

ဝူကျန်လုံ
နိုင်ငံတော်အကြံပေး၊
အထွေထွေအတွင်းရေးမှူး

ရှန်ယိချင်
နိုင်ငံတော်အကြံပေး

ချင်ကန်း
နိုင်ငံတော်အကြံပေး၊
နိုင်ငံခြားရေးဝန်ကြီး



ကျန့်စန်းကျယ်
အမျိုးသားဖွံ့ဖြိုးရေးနှင့်
ပြုပြင်ပြောင်းလဲရေးကော်မရှင်ဥက္ကဋ္ဌ

ဟွိုင်ကျင့်ဖုန်
ပညာရေးဝန်ကြီး

ဝမ်ကျစ်ကန်း
သိပ္ပံနှင့်နည်းပညာဝန်ကြီး

ကျင်းကျွမ့်လုံ
စက်မှုနှင့် သတင်းအချက်
အလက်နည်းပညာဝန်ကြီး

ဖန်းယွဲ့
အမျိုးသားတိုင်းရင်းသား
ရေးရာကော်မရှင်ဥက္ကဋ္ဌ

ချန်ယိရှင်း
နိုင်ငံတော်လုံခြုံရေးဝန်ကြီး



ထန်သန်းကျယ်
ပြည်သူ့ရေးရာဝန်ကြီး

ဟော့လုံ
တရားရေးဝန်ကြီး

လျိုခွန်း
ဘဏ္ဍာရေးဝန်ကြီး

ဝမ်ရှောင်ဖိန်
လူ့အရင်းအမြစ်နှင့်လူမှုလုံခြုံရေးဝန်ကြီး

ဝမ်ကွမ်ဟွာ
သဘာဝသယံဇာတဝန်ကြီး

ဟွမ်လွမ့်ချိုး
ဂေဟဗေဒနှင့်ပတ်ဝန်းကျင်ဝန်ကြီး



နီဟုန်
အိမ်ရာ၊ မြို့ပြနှင့်
ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး

လီရှောင်ဖုန်
သယ်ယူပို့ဆောင်ရေးဝန်ကြီး

လီကော်ရင်း
ရေအရင်းအမြစ်ဝန်ကြီး

ထန်ရန်ကျန့်
စိုက်ပျိုးရေးနှင့်
ကျေးလက်ရေးရာဝန်ကြီး

ဝမ်ဝန်ထောင်း
စီးပွားရေးနှင့်
ကူးသန်းရောင်းဝယ်ရေးဝန်ကြီး

ဟူဟော်ဖိန်
ယဉ်ကျေးမှုနှင့်
ခရီးသွားလာရေးဝန်ကြီး



မာရှောင်ဝေ
အမျိုးသားကျန်းမာရေးကော်မရှင်ဥက္ကဋ္ဌ

ဖေကျင်းကျား
စစ်မှုထမ်းဟောင်းရေးရာဝန်ကြီး

ဝမ်ရှန်ရှိ
အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီး

ရိကန်း
တရုတ်ပြည်သူ့ဘဏ်ဥက္ကဋ္ဌ

ဟိုခိုင်
အမျိုးသားစာရင်းစစ်ချုပ်

Photo - Baidu.com

* သမ္မတရှီကျင့်ဖျင်သည် နိုင်ငံတော်ခေါင်းဆောင် (Head of State) ဖြစ်ပြီး ဝန်ကြီးချုပ်လီချန်သည် အစိုးရအဖွဲ့ခေါင်းဆောင် (Head of Government) ဖြစ်သည်။

ဖြစ်ပြီး ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုသာမက နိုင်ငံရေးအရလည်း ကွန်မြူနစ်ပါတီအပေါ် သစ္စာရှိသူဖြစ်ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မရှင် အဖွဲ့ဝင်လည်းဖြစ်ပြီး မဟာဗျူဟာထောက်ပံ့ရေးတပ်ဖွဲ့ရဲ့ စစ်ဦးစီးချုပ်ရာထူးနဲ့ စစ်လက်နက်ဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ရုရှားနိုင်ငံနဲ့ လက်နက်အရောင်းအဝယ်ကိစ္စနဲ့ ပတ်သက်ပြီး သူဟာ အမေရိကန်အစိုးရရဲ့ပိတ်ဆို့အရေး ယူမှုစာရင်းမှာ ထည့်သွင်းခံခဲ့ရပါတယ်။ **လက်ရှိ အမေရိကန်အစိုးရအနေနဲ့ အဲဒီစာရင်း ကနေ သူ့ကို ပယ်ဖျက်မပေးဘူးဆိုရင် တရုတ်–အမေရိကန် စစ်ဘက်ဆိုင်ရာဆက်ဆံရေး ဟာ အနာဂတ်မှာ ပွတ်တိုက်မှုတွေ ရှိနေမှာဖြစ်ပါတယ်။** လေကြောင်း၊ အာကာသနဲ့ စစ်ဘက်နည်းပညာဆိုင်ရာ ကျွမ်းကျင်သူတယောက်ကို ကာကွယ်ရေးဝန်ကြီး ခန့်အပ်ခဲ့ တာကိုကြည့်ရင် သမ္မတရှီကျင့်ဖျင် လုပ်ဆောင်မယ့် ကာကွယ်ရေးကဏ္ဍ ခေတ်မီပြုပြင် ပြောင်းလဲရေး အစီအစဉ်တွေမှာ လေကြောင်းနဲ့ အာကာသနည်းပညာ ဖွံ့ဖြိုးရေး၊ ခေတ်မီ စစ်လက်နက်များပိုင်ဆိုင်ရေး ကြိုးပမ်းမှုတွေက ရှေ့တန်းရောက်လာဖွယ်လည်းရှိပါတယ်။

### အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်ဥက္ကဋ္ဌ ကျန့်စန်းကျယ် (Zheng Shanjie)

ဖူကျန့်ပြည်နယ်ဖွံ့ဖြိုးရေးနဲ့ ပြုပြင်ပြောင်းလဲရေးကော်မရှင် (Fujian Provincial Development and Reform Commission) ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ဖူးပြီး စီးပွားရေးစီမံခန့်ခွဲမှုမှာသာမက အုပ်ချုပ်ရေးအပိုင်းမှာလည်း အတွေ့အကြုံရှိသူတဦး ဖြစ်ပါတယ်။ အခုရာထူးကို တာဝန်မယူခင်မှာ အန်ဟွေးပြည်နယ် ပါတီအတွင်းရေးမှူးဖြစ်ခဲ့ ပြီး သမ္မတရှီကျင့်ဖျင်ကို ထောက်ခံသူလည်းဖြစ်ပါတယ်။ သူတာဝန်ယူရမယ့် ကော်မရှင် ဟာ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီက ချမှတ်တဲ့ စီးပွားရေးနဲ့ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒတွေကိုအခြေခံပြီး တရုတ်နိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ လူမှုဖွံ့ဖြိုးတိုးတက်

#### ■ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ (Global Security Initiative)

၂၀၂၂ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သည့် ဘိုးအောက်ဖိုရမ် (Boao Forum) ၌ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံကို အဆိုပြုခဲ့ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ၎င်း၏သဘောတရားမှတ်စုကို ထုတ်ပြန်ခဲ့သည်။ ဤအစီအမံတွင် ဘုံလုံခြုံရေး၊ အချုပ်အခြာအာဏာနှင့် နယ်နိမိတ်တည်တံ့ခိုင်မြဲရေး၊ ကုလသမဂ္ဂပဋိညာဉ်ကို ဗဟိုပြုရေး၊ နိုင်ငံအားလုံး၏ လုံခြုံရေးစိုးရိမ်မှုကို တရားဝင်အသိအမှတ်ပြုရေး၊ အငြင်းပွားမှုများကို ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာရေးနှင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာနယ်ပယ်များကို ထည့်သွင်းစဉ်းစားရေးဟူ၍ အစိတ်အပိုင်းခြောက်ခု ပါဝင်သည်။

■ ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုအစီအမံ (Global Civilization Initiative)

၂၀၂၃ ခုနှစ် မတ် ၁၅ ရက်တွင် တရုတ်ကွန်မြူနစ်ပါတီက ပြုလုပ်ကျင်းပခဲ့သည့် ကမ္ဘာ့နိုင်ငံရေးပါတီ ၅၀၀ ကျော်နှင့် တွေ့ဆုံဆွေးနွေးပွဲ၌ ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအမံကို မိတ်ဆက်ခဲ့သည်။ ဤလုပ်ငန်းစဉ်တွင် မတူကွဲပြားသည့် ယဉ်ကျေးမှုများကို လေးစားရေး၊ ဖြစ်တည်မှုဘုံစံတန်ဖိုးများကို ထောက်ခံရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် တီထွင်ဆန်းသစ်မှုများကို တန်ဖိုးထားရေးနှင့် နိုင်ငံအသီးသီးရှိပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုကို အားပေးရေးဟူ၍ အစိတ်အပိုင်းလေးခု ပါဝင်သည်။

▶ ရေးဆိုင်ရာမူဝါဒနဲ့ မဟာဗျူဟာတွေကို ရေးဆွဲအကောင်အထည်ဖော်ရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါ့အပြင် **ရပ်ဝန်းလမ်းကြောင်းအစီအမံကို အကောင်အထည်ဖော်ရာမှာလည်း အရေးပါတဲ့အဖွဲ့အစည်းဖြစ်ပြီး တရုတ်-မြန်မာစီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ဖို့အတွက် မြန်မာနိုင်ငံနဲ့ သဘောတူညီချက် လက်မှတ်ရေးထိုးရာမှာလည်း ပါဝင်ခဲ့ပါတယ်။** ဝန်ကြီးချုပ်သစ် မစ္စတာလီချန်ရဲ့ ဦးဆောင်မှုအောက်မှာ မစ္စတာကျန့်စန်းကျယ်အနေနဲ့ တရုတ်နိုင်ငံရဲ့စီးပွားရေး ပြန်လည်တိုးတက်ဖို့နဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှု အားကောင်းလာရေးကို အဓိကလုပ်ဆောင်ရဖွယ်ရှိပါတယ်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝမ်ဝန်ထောင်း (Wang Wentao)**

နိုင်ငံရေးသမားဖြစ်ပြီး ပြည်နယ်တချို့မှာ ပါတီအကြီးအကဲနဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်တွေကို ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးနဲ့ ကုန်သွယ်ရေးဆိုင်ရာ အတွေ့အကြုံတွေထက် အုပ်ချုပ်ရေးပိုင်းအတွေ့အကြုံ ပိုမိုကြွယ်ဝသူဖြစ်ပါတယ်။ ပြည်နယ်နဲ့ ခရိုင်တချို့မှာ စီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့တာကြောင့် အစွမ်းအစရှိသူအဖြစ် သတ်မှတ်ခံထားရပါတယ်။ သမ္မတရှီကျင့်ဖျင်ရဲ့ ရင်းနှီးတဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကတည်းက စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်ပါတယ်။ **ကိုဗစ်အလွန် မဟာအဖွင့်မှာ တရုတ်နိုင်ငံရဲ့ ကုန်သွယ်ရေးကဏ္ဍ ပြန်လည်မြှင့်တင်ဖို့ အဓိကကြိုးကိုင်ရမယ့်သူလည်းဖြစ်ပါတယ်။**

အမျိုးသားဖွံ့ဖြိုးရေးနဲ့ ပြုပြင်ပြောင်းလဲရေးကော်မရှင်

SCAN THIS CODE

အမျိုးသားဖွံ့ဖြိုးရေးနဲ့ ပြုပြင်ပြောင်းလဲရေးကော်မရှင် (NDRC) အကြောင်း လေ့လာရန် ➤

## ပြည်သူ့လုံခြုံရေးဝန်ကြီး ဝမ်ရှောင်ဟုန် (Wang Xiaohong)

အခုရာထူးကို ၂၀၂၂ ခုနှစ် ဇွန်လတည်းက ခန့်အပ်ခံထားရသူပါတယ်။ သမ္မတရှီကျင့်ဖျင်ရဲ့ လုပ်ဖော်ကိုင်ဖက် လူယုံတယောက်လည်းဖြစ်ပြီး ယခင်က ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်ယူခဲ့သူပါ။ သူဦးဆောင်တဲ့ **ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဟာ မြန်မာအပါအဝင် ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်လာတဲ့ နိုင်ငံဖြတ်ကျော်မှုခင်းနဲ့ အွန်လိုင်းလိမ်လည်မှုကိစ္စတွေကို တရုတ်အစိုးရဘက်ကနေ အဓိကကိုင်တွယ်ဖြေရှင်းနေတဲ့ ဝန်ကြီးဌာနဖြစ်ပါတယ်။(ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေ နှိမ်နင်းနေမှုကို** ISP Explainer **အမှတ်-၂ မှာ ရှုပါ။)** ဒါ့အပြင် တရုတ်အစိုးရကို ဝေဖန်နေတဲ့ ပြည်ပရောက်တရုတ်နိုင်ငံသားတွေနဲ့ နိုင်ငံရေးမှု၊ လာဘ်စားမှုစတဲ့ ပြစ်မှုတွေနဲ့ ဖမ်းမိန့်ထုတ်ထားတဲ့သူတွေကို ပြည်ပနိုင်ငံတွေအထိလိုက်ပြီး ခြိမ်းခြောက်မှုတွေ၊ လျှို့ဝှက်ဖမ်းဆီးမှုတွေ လုပ်နေတဲ့ စစ်ဆင်ရေးတွေကိုလည်း သူ့ဌာနကကိုင်တွယ်တာ ဖြစ်ပါတယ်။ **ရဲတပ်ဖွဲ့ကို ဦးဆောင်တဲ့နေရာမှာ လူယုံဖြစ်တဲ့ သူ့ကို ခန့်အပ်ထားတာဟာ သမ္မတရှီကျင့်ဖျင်ရဲ့ အာဏာပိုမိုကိုင်စွဲထားနိုင်ရေး ခြေလှမ်းတွေထဲကတခုလို့ ဆိုနိုင်ပါတယ်။**

## နိုင်ငံတော်လုံခြုံရေးဝန်ကြီး ချန်ယိရှင်း (Chen Yixin)

ကွန်မြူနစ်ပါတီတွင်း အရေးပါတဲ့ ပါတီဗဟိုကော်မတီ နိုင်ငံရေးနဲ့ ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်ပါတယ်။ သမ္မတရှီကျင့်ဖျင်ကို ထောက်ခံသူဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်ကနေ ၂၀၂၂ ခုနှစ်အထိ နှစ်နှစ်ကြာပြုလုပ်ခဲ့တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး စီမံချက်ကို ဦးဆောင်ခဲ့သူဖြစ်ပါတယ်။ **အဲဒီစီမံချက်ဟာ သမ္မတရှီကျင့်ဖျင်ရဲ့ နိုင်ငံရေးပြိုင်ဘက်တွေကိုဖယ်ထုတ်ရေး ရည်ရွယ်တာလည်း ဖြစ်ပါတယ်။** သမ္မတရဲ့ယုံကြည်ကိုးစားမှုကို ရရှိသူလည်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားစဉ်က ဗဟိုအစိုးရကစေလွှတ်တဲ့ ဝူဟန်မြို့ ကိုဗစ်ထိန်းချုပ်ရေးအဖွဲ့ကို ဦးဆောင်ခဲ့ပါတယ်။ **နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာနရဲ့အဓိကတာဝန်ဟာ ပြည်တွင်းပြည်ပထောက်လှမ်းရေးဆိုင်ရာ လုပ်ငန်းတွေကို လုပ်ဆောင်ရတာမို့ ကွန်မြူနစ်ပါတီနဲ့ ရှီကျင့်ဖျင်ကို ခြိမ်းခြောက်နေတဲ့ ပြည်တွင်းပြည်ပအန္တရာယ်တွေကို ကာကွယ်တုံ့ပြန်ရေး အဓိကအာရုံစိုက်ဖွယ်ရှိပါတယ်။**

## တရုတ်အစိုးရအဖွဲ့ ဖွဲ့စည်းပုံ

### ထိပ်သီးအုပ်ချုပ်ရေးအဖွဲ့ (Executive Meeting)

| ဝန်ကြီးချုပ် | ဒုတိယဝန်ကြီးချုပ်များ | နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်များ | အထွေထွေအုပ်ချုပ်ရေးမှူး |
|---|---|---|---|

### ဝန်ကြီးဌာနနှင့် ကော်မရှင် ၂၆ ခု

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန
၂။ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန
၃။ ပညာရေးဝန်ကြီးဌာန
၄။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
၅။ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန
၆။ နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာန
၇။ ပြည်သူ့ရေးရာဝန်ကြီးဌာန
၈။ တရားရေးဝန်ကြီးဌာန
၉။ ဘဏ္ဍာရေးဝန်ကြီးဌာန
၁၀။ သဘာဝသယံဇာတဝန်ကြီးဌာန
၁၁။ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန
၁၂။ ရေအရင်းအမြစ်ဝန်ကြီးဌာန
၁၃။ အမျိုးသားကျန်းမာရေးကော်မရှင်
၁၄။ စစ်မှုထမ်းဟောင်းရေးရာဝန်ကြီးဌာန
၁၅။ အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာန
၁၆။ တရုတ်ပြည်သူ့ဘဏ်
၁၇။ အမျိုးသားစာရင်းစစ်ရုံး
၁၈။ အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်
၁၉။ စက်မှုနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
၂၀။ အမျိုးသားတိုင်းရင်းသားရေးရာ ကော်မရှင်
၂၁။ လူ့အရင်းအမြစ်နှင့် လူမှုလုံခြုံရေးဝန်ကြီးဌာန
၂၂။ ဂေဟဗေဒနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာန
၂၃။ အိမ်ရာ၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
၂၄။ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန
၂၅။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
၂၆။ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန

### နိုင်ငံတော်ကောင်စီအထွေထွေရုံး (General Office)

#### အထူးအာဏာပိုင်အဖွဲ့

နိုင်ငံပိုင်ပစ္စည်းကြီးကြပ်ရေးနှင့် အုပ်ချုပ်ရေးကော်မရှင်

#### စီမံအုပ်ချုပ်ရေးရုံး

နိုင်ငံတော်ကောင်စီသုတေသနရုံးနှင့်
**ကွန်မြူနစ်ပါတီကွပ်ကဲသည့် စီမံအုပ်ချုပ်ရေးရုံး ငါးခု**

#### အာဏာပိုင်အဖွဲ့ ၁၄ ခု

၁။ နိုင်ငံတော်အခွန်စည်းကြပ်ရေးဌာန
၂။ ဈေးကွက်စောင့်ကြည့်ကွပ်ကဲရေးဌာန
၃။ အမျိုးသားဘဏ္ဍာရေးကြီးကြပ်ရေးဌာန
၄။ အားကစားအထွေထွေအုပ်ချုပ်ရေးဌာန
၅။ ပြည်သူ့တိုင်ကြားစာနှင့်အဆိုပြုရေးဌာန
၆။ အမျိုးသားအချက်အလက်ဗျူရို
၇။ အမျိုးသားဉာဏပစ္စည်းအုပ်ချုပ်ရေးဌာန
၈။ အကောက်ခွန်အထွေထွေ အုပ်ချုပ်ရေးဌာန
၉။ ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင်
၁၀။ အမျိုးသားအသံနှင့်ရုပ်မြင်သံကြား အုပ်ချုပ်ရေးဌာန
၁၁။ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ
၁၂။ အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုလုံခြုံရေးဌာန
၁၃။ နိုင်ငံတော်ကောင်စီ အကြံပေးပုဂ္ဂိုလ်များရုံး
၁၄။ အမျိုးသားအစိုးရရုံးအုပ်ချုပ်ရေးဌာနနှင့် **ကွန်မြူနစ်ပါတီကွပ်ကဲသည့် အခြားအာဏာပိုင်အဖွဲ့နှစ်ခု**

#### ပြည်သူ့အင်စတီကျူရှင်း ခုနစ်ခု

၁။ ဆင်ဟွာသတင်းဌာန
၂။ သိပ္ပံကျောင်း
၃။ လူမှုသိပ္ပံကျောင်း
၄။ စက်မှုပညာကျောင်း
၅။ သတင်းမီဒီယာအဖွဲ့
၆။ နိုင်ငံတော်ကောင်စီ ဖွံ့ဖြိုးရေးသုတေသနဗဟိုဌာန
၇။ မိုးလေဝသဌာနချုပ်နှင့် **ကွန်မြူနစ်ပါတီကွပ်ကဲသည့် အင်စတီကျူးရှင်း**

## စီးပွားရေးမူဝါဒ အပြောင်းအလဲ

ဝန်ကြီးချုပ်ဟောင်း လီခဲ့ချန်တင်ပြတဲ့ လုပ်ငန်းအစီရင်ခံစာအရ ကိုဗစ်အလွန်ကာလ တရုတ်စီးပွားရေးဖွံ့ဖြိုးရေးကို ဦးတည်ရာမှာ **၂၀၂၃ ခုနှစ်မှာ နိုင်ငံ့ဂျီဒီပီ ပျမ်းမျှ ငါးရာခိုင်နှုန်းတိုးဖို့ မှန်းထားပါတယ်။** ၂၀၂၂ ခုနှစ်တုန်းကလည်း ၅ ဒသမ ၅ ရာခိုင်နှုန်းတိုးဖို့ မှန်းခဲ့ပေမဲ့ ကိုဗစ်ကပ်ရောဂါကြောင့် သုံးရာခိုင်နှုန်းလောက်ပဲ တိုးခဲ့ပါတယ်။ ကိုဗစ်အမြစ်ဖြတ်မူဝါဒကို ဖျက်သိမ်းလိုက်ပြီးနောက် ၂၀၂၃ ခုနှစ်အတွက် ပြည်နယ်အလိုက် ဂျီဒီပီတိုးတက်ရေးကို ဟိုင်နန်၊ တိဗက်၊ ရှင်ကျန်းနဲ့ ကျန်းဇီပြည်နယ်တွေမှာ ခုနစ်ကနေ ၉ ဒသမ ၅ ရာခိုင်နှုန်းအထိ၊ ဘေဂျင်း၊ တိယန်ကျင်း၊ ရှန်ဟိုင်းနဲ့ ကွမ်တုံပြည်နယ်တွေမှာ လေးကနေ ၅ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးလာမယ်လို့ ရည်မှန်းပါတယ်။ ဆိုလိုတာက တိုးတက်မှုနှုန်းကို မြှင့်ပြီးမှန်းထားတဲ့ ပြည်နယ်တွေမှာ ရေတိုဖွံ့ဖြိုးမှုအစီအမံတွေကို အားစိုက်လုပ်ဆောင်မှာပါ။ တိုးတက်မှုနှုန်းကို နှိမ့်ပြီးမှန်းထားတဲ့ ပြည်နယ်တွေမှာ ရေရှည်ဖွံ့ဖြိုးမှုအစီအမံတွေ ချမှတ်ပြီး အတွင်းကျကျပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းမှာပါ။ ဒီနှစ်အတွက် မြို့ပြနေလူငယ်တွေအတွက် အလုပ်အကိုင် ၁၂ သန်းအထိ ဖန်တီးပေးနိုင်ဖို့ ရည်မှန်းထားပါတယ်။

တဖန် စီးပွားရေးကဏ္ဍအနေနဲ့ နံ့စားသီးနှံနဲ့ ဆီထွက်သီးနှံစိုက်ပျိုးရေးကို အားပေးသွားမယ်လို့ ဆိုပါတယ်။ **ဇီဝလောင်စာသုံးစွဲမှုကို ကန့်သတ်ထိန်းချုပ်ပြီး နေရောင်ခြည်နဲ့ လေစွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး အကြီးစားစီမံကိန်းတွေကို တိုးချဲ့လုပ်သွားမှာပါ။** ကာဗွန် အချက်အလက်လိမ်လည်မှုတွေကို နှိမ်နင်းပြီး တိကျမှန်ကန်တဲ့ အချက်အလက်တွေနဲ့ ကာဗွန်ဈေးကွက်စနစ်ကို အဆင့်မြှင့်တင်မှာဖြစ်ပါတယ်။ စည်းမဲ့ကမ်းမဲ့ဖြစ်နေတဲ့ အိမ်ခြံမြေပြဿနာကိုလည်း ထိထိရောက်ရောက်ကိုင်တွယ်ပြီး အမှန်တကယ် လုပ်ကိုင်နေတဲ့ ကုမ္ပဏီကြီးတွေအတွက် လုပ်ငန်းဆုံးရှုံးနိုင်ခြေတွေကို အကာအကွယ်ပေးသွားမယ်လို့ ဆိုပါတယ်။ ဘဏ္ဍာရေးမူဝါဒအနေနဲ့ ဘတ်ဂျက်လိုငွေကို ဂျီဒီပီရဲ့ သုံးရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲသွားမှာဖြစ်ပြီး အစိုးရငွေချေးစာချုပ်တန်ဖိုး ယွမ် ၃ ဒသမ ၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ဘီလီယံ ၅၅၀) ထုတ်ရောင်းဖို့ စီစဉ်ထားပါတယ်။ တဖက်မှာလည်း လွန်ခဲ့တဲ့ ဆယ်စုနှစ်သုံးခုအတွင်း နှစ်စဉ် အနည်းဆုံး ခြောက်ရာခိုင်နှုန်းတိုးလာနေတဲ့ **ကာကွယ်ရေးအသုံးစရိတ်ကိုလည်း စုစုပေါင်းအသုံးစရိတ်ရဲ့ ၇ ဒသမ ၂ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၂၂၅ ဘီလီယံ) အထိ သုံးစွဲဖို့လည်း လျာထားပါတယ်။**

၂၀၂၀-၂၀၂၁ ခုနှစ် ကိုဗစ်ကပ်ရောဂါအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဂျီဒီပီတွေ ထိုးကျနေချိန်မှာ တရုတ်နိုင်ငံရဲ့ ဂျီဒီပီဟာ တိုးမြဲတိုးနေခဲ့တာပါ။ ဒါပေမဲ့ ၂၀၂၂ ခုနှစ် ဒုတိယ

သုံးလပတ်ကစပြီး ဆက်တိုက်ကျဆင်းသွားရာကနေ နှစ်ကုန်ပိုင်းမှာ **နှစ်ပေါင်း ၄၀ အတွင်း ဒုတိယအနိမ့်ဆုံးအထိ ရောက်သွားခဲ့ပါတယ်။** အဓိကအကြောင်းရင်းက ကိုဗစ်အမြစ်ဖြတ်ရေးမူဝါဒကြောင့် ပြည်တွင်းစားသုံးမှု အကြီးအကျယ် ထိုးကျသွားတာကြောင့်လို့ ဆိုပါတယ်။ ဒါကြောင့် ၂၀၂၃ ခုနှစ် ပြည်တွင်းဝယ်လိုအားနဲ့ စားသုံးမှုကို ဗဟိုပြုပြီး နိုင်ငံခြားကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကိုလည်း ချဲ့ထွင်လုပ်ဆောင်မှာဖြစ်ပါတယ်။ အဲသလို **ဒွန်တွဲလည်ပတ်မှုမဟာဗျူဟာ** (Dual Circulation) **နဲ့ တံခါးဖွင့်စီးပွားရေး** (Open Economy) **စနစ်ကို မောင်းနှင်ပြီး အားလုံးအတွက် ချမ်းသာကြွယ်ဝမှု** (Common Prosperity) **ကို ဖြစ်စေတဲ့ အခင်းအကျင်းကို ဖန်တီးပေးသွားမယ်လို့ ဆိုပါတယ်။**

## မြန်မာနိုင်ငံအပေါ် သက်ရောက်မှု

ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Regional Comprehensive Economic Partnership Agreement - RCEP) အရ **လွတ်လပ်တဲ့ကုန်သွယ်ရေးမူဝါဒကိုအကောင်အထည်ဖော်မယ့် ဟိုင်နန်ကုန်သွယ်ရေးဆိပ်ကမ်းမှာ ဌာနချုပ်စခန်းနှစ်ခု တည်ဆောက်ဖို့ မျှော်မှန်းထားပါတယ်။** တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အာဆီယံစီးပွားရေးလုပ်ငန်းရှင်တွေ အပြန်အလှန်အလုပ်လုပ်နိုင်မယ့် စခန်းတွေ ဖြစ်ပါတယ်။ အာဆီယံစီးပွားရေးလုပ်ငန်းတွေကို အခွန်သက်သာခွင့်တွေ ရရှိစေမယ်လို့လည်း ဆိုပါတယ်။ ဒ့ါအပြင် ဗီဇာမလိုဘဲ လွတ်လပ်စွာ ကုန်စည်တင်ပို့နိုင်သလို ငွေကြေးလွှဲပြောင်းမှုကိုလည်း လွယ်ကူမြန်ဆန်စေမှာဖြစ်ပါတယ်။ ဒ့ါအပြင် အရှေ့တောင်အာရှရင်းနှီးမြှုပ်နှံမှုဌာနတခုကို ဖွင့်လှစ်သွားမှာဖြစ်ပြီး အာဆီယံနိုင်ငံတွေမှာ ကိုယ်စားလှယ်ရုံးတရုံးစီ ဖွင့်လှစ်သွားမယ်လို့လည်း ဆိုပါတယ်။

တရုတ်နိုင်ငံရဲ့ရပ်ဝန်းလမ်းကြောင်းအစီအမံနဲ့အပြည်ပြည်ဆိုင်ရာကုန်းလမ်း-ရေကြောင်းကုန်သွယ်ရေးစင်္ကြံ (International Land-Sea Trade Corridor - ILSTC) အရ အာဆီယံဒေသနိုင်ငံတွေနဲ့ချိတ်ဆက်ရာမှာ ဘေ့ဘူးပင်လယ်ကွေ့မှာရှိတဲ့ ဟိုင်နန်ပြည်နယ်က ရေကြောင်းအတွက် အချက်အချာကျသလို ယူနန်ပြည်နယ်ကလည်း ကုန်းလမ်းအတွက် ဗဟိုချက်ဖြစ်နေပါတယ်။ ဒါကြောင့် ယူနန်ပြည်နယ်ရဲ့ ဂျီဒီပီတိုးတက်မှုကို ခြောက်ရာခိုင်နှုန်းအထိ မှန်းဆထားပြီး အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးကို ဦးစားပေးလုပ်ဆောင်မှာဖြစ်ပါတယ်။ RCEP အစီအမံနဲ့ ယူနန်ပြည်နယ် တယ်ဟုန်းမြို့ကို ထောက်ပို့ရေးဌာန (Logistics Hub) အဖြစ် ပုံဖော်ပြီး တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့ ပြည်နယ်အစိုးရက လုပ်နေပါတယ်။ ဘက်စုံပို့ဆောင်ရေးစနစ်၊ ကုန်

လှောင်ရုံချိတ်ဆက်မှုစနစ်၊ ဉာဏပစ္စည်းမူပိုင်ခွင့်နဲ့ စီးပွားရေးဆိုင်ရာအငြင်းပွားမှုတွေကို ဖြေရှင်းနိုင်ရေးအတွက် RCEP အဖွဲ့ဝင်နိုင်ငံတွေနဲ့ **နယ်စပ်ဖြတ်ကျော် တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုစနစ်တွေ တည်ဆောက်ဖို့ ပြင်ဆင်နေတဲ့အတွက် မြန်မာ့ပဋိပက္ခ ချုပ်ငြိမ်းရေးကို တရုတ်နိုင်ငံက လိုလားနေပါတယ်။**

အမျိုးသားအဆင့် အချက်အလက်ဗျူရိုကတဆင့် နယ်စပ်ဖြတ်ကျော် အချက်အလက် ဖလှယ်မှုတွေကိုအားစိုက်လုပ်သွားမှာဖြစ်တဲ့အတွက် တရုတ်-မြန်မာ ကုန်သွယ်ရေးကနေ ရလာတဲ့ **မြန်မာနိုင်ငံဘက်က အချက်အလက်တွေကို တရုတ်ရဲ့** e-Commerce **မှာ စီးပွားရေးအရင်းအနှီးအဖြစ် အသုံးချလာဖွယ်ရှိပါတယ်။** တရုတ်နိုင်ငံရဲ့ မဟာအဖွင့်မှာ 'ယူနန်ပြည်နယ် စမတ်နယ်စပ်ဂိတ်များတည်ဆောက်ရေး အလုံးစုံစီမံချက်'အရ ရွှေလီ (ဝမ်တိန်)၊ ထိန်ချုံး-ဟိုချောင်နဲ့ မိန်းတိန်-ချင်းရွှေဟော်ဆိုတဲ့ တရုတ်-မြန်မာ နယ်စပ်ဂိတ် သုံးခုကို ယူနန်ပြည်နယ်ရဲ့ စမတ်နယ်စပ်ဂိတ်တွေအဖြစ် တည်ဆောက်ဖို့ ယွမ်ငွေ သန်း ရာနဲ့ချီပြီး သုံးစွဲသွားမှာပါ။ အဲဒီ ဒစ်ဂျစ်တယ်အသွင်ပြောင်း စီမံချက်တွေကတဆင့် ရရှိလာမယ့်**နိုင်ငံရပ်ခြားအချက်အလက်တွေကိုစီးပွားရေးအတွက်သာမက လုံခြုံရေးအတွက်ပါ အသုံးပြုလာမှာကို အထူးသတိပြုရမှာဖြစ်ပါတယ်။**

၂၀၂၃ ခုနှစ်မှာ အစိမ်းရောင်ဖွံ့ဖြိုးမှုကို ဦးစားပေးလုပ်ဆောင်မှာဖြစ်တဲ့အတွက် **မြန်မာ နိုင်ငံထဲဝင်လာမယ့် တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတွေအနေနဲ့လည်း ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍမှာ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း၊ လန်ချန်း-မဲခေါင် ပူးပေါင်း**

### ■ အဆင့်မြင့်နည်းပညာသုံးနယ်စပ်ဂိတ်များ (Smart Border Gates)

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှ အဆင့်မြင့်နည်းပညာသုံးနယ်စပ်ဂိတ်များ (Smart Border Gates) တည်ဆောက်ရန် အလုံးစုံစီမံချက်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ချမှတ်ခဲ့သည်။ ထိုစီမံချက်တွင် တရုတ်-မြန်မာ၊ တရုတ်-လာအို၊ တရုတ်-ဗီယက်နမ် နယ်စပ်ဂိတ်များကို စမတ်နယ်စပ်ဂိတ်အဖြစ် တည်ဆောက်မည်ဖြစ်ပြီး အခြေခံအဆောက်အအုံများကို ဒစ်ဂျစ်တယ်အကူအညီဖြင့် အဆင့်မြှင့်တင်မည်ဖြစ်သည်။ တရုတ်-မြန်မာ နယ်စပ်ဂိတ်များအနက် ဝမ်တိန်-ရွှေလီ နယ်စပ်ဂိတ်၊ ကန်ပိုက်တီ-ထိန်ချုံး နယ်စပ်ဂိတ်၊ ချင်းရွှေဟော်-လင်ချန်း နယ်စပ်ဂိတ်တို့ကို အဆင့်မြင့်နည်းပညာသုံး နယ်စပ်ဂိတ်များအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်တွင် ယူနန်ပြည်နယ်၌ ပြုလုပ်သော 'တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများသို့ အကျိုးပြုဗဟိုစင်တာ တည်ဆောက်ရေး' သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။ အဆိုပါအဆင့်မြင့်နည်းပညာသုံး နယ်စပ်ဂိတ်များ တည်ဆောက်ရေးကို တရုတ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်နှင့် ယူနန်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဌာနတို့က ဦးဆောင်ပြုလုပ်မည်ဖြစ်သည်။

- **ဆောင်ရွက်မှု စီမံကိန်းတွေနဲ့ ချိတ်ဆက်လုပ်ဆောင်သွားနိုင်ပါတယ်။** ဒ့ါအပြင် တိုးမြှင့်ထုတ်လုပ်လာတဲ့ တရုတ်လျှပ်စစ်ကား (New-energy Vehicles - NEVs) နဲ့ အားသွင်းစက်တွေလည်း စစ်ကောင်စီရဲ့ အားပေးထောက်ခံမှုနဲ့အတူ လျှပ်စစ်မီး ပုံမှန်ရမနေတဲ့ မြန်မာ့ဈေးကွက်ထဲကို ဆက်တိုက်ဝင်လာနေတာကလည်း ထူးခြားချက် ဖြစ်နေပါတယ်။

တရုတ်နိုင်ငံခြားရေးမူဝါဒမှာတော့ ပထဝီနိုင်ငံရေးအရ အာဆီယံရဲ့အရေးပါမှုက ပိုပြီး သိသာထင်ရှားလာပါတယ်။ နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်းဟာ အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံကို သုံးရက်ကြာ သွားရောက်လည်ပတ်ခဲ့ပါတယ်။ အဲဒီခရီးစဉ်ဟာ **နိုင်ငံခြားရေးဝန်ကြီးဖြစ်ပြီးနောက် ဒေသတွင်း အိမ်နီးချင်းနိုင်ငံတခုကို သွားရောက်ခဲ့တဲ့ ပထမဆုံးခရီးစဉ်လည်း ဖြစ်ပါတယ်။** ခရီးစဉ်အတွင်း အင်ဒိုနီးရှားသမ္မတနဲ့ နိုင်ငံခြားရေးဝန်ကြီးအပါအဝင် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာကောင်ကမ်ဟွန်း (Kao Kim Hourn) နဲ့လည်း တွေ့ခဲ့ပြီး **ဒေသတွင်းတည်ငြိမ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးမှာ အာဆီယံရဲ့ဗဟိုကျမှုကို ဆွေးနွေးခဲ့ကြပါတယ်။** ဒ့ါအပြင် အာဆီယံအတွင်းရေးမှူးချုပ်ဟာလည်း ဘေဂျင်းကို သွားရောက်ခဲ့ပြီး မစ္စတာချင်ကန်းနဲ့ ထပ်မံတွေ့ဆုံခဲ့ပါသေးတယ်။ ဒီလိုတွေ့ဆုံမှုကိုကြည့်ရင် **အမေရိကန်-တရုတ် ဒေသတွင်း အားပြိုင်မှုမှာ အာဆီယံရဲ့အရေးပါမှုက တရုတ်နိုင်ငံခြားရေးမူဝါဒမှာ ပိုပြီးရှေ့တန်းရောက်လာတယ်လို့ ဆိုရမှာပါ။**

ဒ့ါအပြင် မြန်မာ့အရေးဖြေရှင်းရေးနဲ့ပတ်သက်ပြီး အာဆီယံဘုံသဘောတူညီချက်ငါးရပ်အတိုင်း ဆက်လက်လုပ်ဆောင်ဖို့ ထောက်ခံကြောင်းကိုလည်း အင်ဒိုနီးရှားသမ္မတမစ္စတာ ဂျိုကိုဝီဒိုဒိုနဲ့ တွေ့ဆုံစဉ်မှာရော အာဆီယံအတွင်းရေးမှူးချုပ်နဲ့ ဆွေးနွေးစဉ်မှာပါ မစ္စတာ ချင်ကန်းက ပြောကြားခဲ့ပါတယ်။ မြန်မာ့အရေးအဖြေရှာဖို့မှာ တရုတ်နိုင်ငံအနေနဲ့ အာဆီယံကတဆင့် အဖြေရှာရေးကို မူတရပ်အနေနဲ့ ဆက်လက်ကိုင်စွဲထားတာကို တွေ့ရပါတယ်။ တဖက်မှာလည်း သူ့အကျိုးစီးပွားတွေနဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ **မြန်မာနိုင်ငံက နယ်မြေတွေ တည်ငြိမ်ဖို့အရေးမှာတော့ တရုတ်နိုင်ငံအနေနဲ့ စစ်ကောင်စီနဲ့ရော မြောက်ပိုင်းအခြေစိုက်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ပါပိုပြီးထိတွေ့ဆက်ဆံလာပါ**

တရုတ်နိုင်ငံ၏ မဟာအဖွင့်အလွှန်
နယ်စပ်လုံခြုံရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပေါ် အာရုံစိုက်လာ
ISP Explainer အမှတ် - ၁
SCAN THIS CODE

**တယ်။ (တရုတ်အစိုးရနဲ့ မြောက်ပိုင်းအခြေစိုက် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့တွေ အကြား ဆက်ဆံရေးကို** ISP Explainer **အမှတ်–၁ မှာ ရှုပါ။)** အဆိုပါလက်လီစိတ် အား ထုတ်ပြင်ဆင်မှုတွေ အသင့်ပြင်ဆင်ထားတဲ့ တရုတ်အစိုးရသစ်ဟာ **မြန်မာ့အရေးအတွက် သူကိုယ်တိုင် ဦးဆောင်ဖြေရှင်းနိုင်မယ့် အိမ်နီးချင်းသံတမန်ရေး** (Neighborhood Diplomacy) **အလွှာသစ်ကို လမ်းစဖွင့်လိုက်ပါတယ်။ (အထိုင်သစ်ပြန်ချလာတဲ့ တရုတ်ရဲ့မြန်မာ့ အရေးမူဝါဒကို** ISP OnPoint **အမှတ်–၁၄ မှာ ရှုပါ။)** ဒီချဉ်းကပ်မှုမှာလည်း အာဏာသိမ်း စစ်ကောင်စီကို ဒုတိယအခွင့်အရေးပေးတဲ့ပုံစံသာ ဖြစ်နေသေးတဲ့အတွက် မြန်မာ့အရေး ဖြေရှင်းမှုမှာ တရုတ်နိုင်ငံအနေနဲ့ **ပဋိပက္ခတခုလုံးချုပ်ငြိမ်းရေးထက် သူ့အကျိုးစီးပွားကို အခြေခံတဲ့ အိမ်နီးချင်းနိုင်ငံတည်ငြိမ်ရေး စဉ်းစားချက်က ပိုပြီးအလေးသာတဲ့ အခြေအနေ ဖြစ်ပါတယ်။** ■

ရည်ညွှန်း


Global Times. 2023a. "China to Improve Elderly-Care Work Mechanism, Expand Services for Seniors." *Global Times.* Retrieved March 31, 2023 (https://www.globaltimes.cn/page/202303/1286843.shtml).

Global Times. 2023b. "Nation Persists in Driving R&D Leading World with 4.21 m Valid Invention Patents." Retrieved March 31, 2023 (https://www.globaltimes.cn/page/202302/1284626.shtml).

Government of China. 2021. "Bolstering Confidence and Jointly Overcoming Difficulties To Build a Better World." *Ministry of Foreign Affairs of the People's Republic of China.* Retrieved April 3, 2023 (https://www.fmprc.gov.cn/mfa_eng/wjdt_665385/zyjh_665391/202109/t20210922_9580293.html).

Government of China. 2022. "Xi Jinping Delivers a Keynote Speech at the Opening Ceremony of the Boao Forum for Asia Annual Conference 2022." *Ministry of Foreign Affairs of the People's Republic of China.* Retrieved April 3, 2023 (https://www.fmprc.gov.cn/eng/zxxx_662805/202204/t20220421_10671083.html).

Government of China. 2023. "Xi Proposes Global Civilization Initiative." *The State Council of the People's Republic of China.* Retrieved April 3, 2023 (http://english.www.gov.cn/news/topnews/202303/15/content_WS6411d42ac6d0f528699db528.html).

Horn, Sebastian, Bradley C. Parks, Carmen M. Reinhart, and Christoph Trebesch. 2023. "AidData | China as an International Lender of Last Resort." *AidData.* Retrieved March 30, 2023 (https://www.aiddata.org/publications/china-as-an-international-lender-of-last-resort).

Xinhua. 2022. "Understanding China's Whole-Process People's Democracy at 'Two Sessions.'" Retrieved March 29, 2023 (http://english.www.gov.cn/news/topnews/202203/09/content_WS6227e7adc6d09c94e48a64af.html).

Xinhua. 2023. "China Focus: China Pursues Self-Reliant Sci-Tech Progress to Benefit All." Retrieved March 30, 2023 (https://english.news.cn/20230307/62267a07ada343dcbf1959088deb9d06/c.html).

新华社. 2023. "中共中央 国务院印发《数字中国建设整体布局规划》." Retrieved March 31, 2023 (http://www.gov.cn/zhengce/2023-02/27/content_5743484.htm).

新华网. 2023. "中共中央 国务院印发《党和国家机构改革方案》." Retrieved March 29, 2023 (http://www.news.cn/politics/2023-03/16/c_1129437368.htm).

www.ISPMyanmar.com/community

# Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202